# ဖားငင်(၄)ကျေးရွာ

# ကျိုင်းတုံမြို့နယ်

## ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဖားငင်(၄)ကျေးရွာ၊ ကျိုင်းတုံမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေး၊နှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)



၂၀၁၈ခုနှစ်

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | |
| | **ဖားငင်(၄)ကျေးရွာ သယံဇာတပြမြေပုံ၊ကျိုင်းတုံမြို့နယ်** | |
| ၁ | **တည်နေရာနှင့် ပထဝီဝင်အနေအထား** | |
| ၂ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | |
| ၃ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ** | |
| ၄ | **စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ** | |
| | (က) သီးနှံစိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| ၅ | **အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ** | |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာမီးလင်းရေး | |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| ၆ | **ပညာရေး** | |
| ၇ | **ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး** | |
| ၈ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| ၉ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူး ပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကို လည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲ ရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဖားငင်(၄)ကျေးရွာ

မိုင်းနောင်/ဖာတအုပ်စု

ကျိုင်းတုံမြို့နယ်

## ဖာငင်(၄)ကျေးရွာ၏သယံဇာတပြမြေပုံ



## ၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ဖားငင်(၄)ကျေးရွာသည် ကျိုင်းတုံ-မိုင်းခတ်ကားလမ်းပေါ်တွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံး စိုက်ရာ ကျိုင်းတုံမြို့နှင့် ဆက်သွယ်သွားလာရခက်ခဲပါသည်။ကျေးရွာသည် တောင်ပေါ်ဒေသ တွင် ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ကြ ပါသည်။

ကျေးရွာ၏တစ်နှစ်ပျှမ်းမျှမိုးရေချိန်သည် လက္မ(၈၀)မှ(၁၀၀)ဝန်းကျင်ခန့်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းအတွက် အထောက်အကူပြုပါသည်။ကျေးရွာအနီးတွင် မြစ်ချောင်းများရှိပြီး မြေပြင်အနေ အထားမှာ တောင်ပေါ်ဒေသဖြစ်သည်။လယ်၊ခြံမြေများသည် စပါး၊ပြောင်း၊မြေပဲနှင့် ဟင်းသီး ဟင်းရွက်တို့ကို ရာသီအလိုက်စိုက်ပျိုးရန်အတွက်အဓိကအားထားရာဖြစ်သည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

လယ်နှင့်ခြံမြေအသင့်အတင့်ရှိကြပြီး တောင်ပေါ်ဒေသဖြစ်၍ မြေဆီသြဇာအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ စိုက်ပျိုးရေးအတွက် မိုးရေနှင့် စိမ့်စမ်းရေကိုသာ အသုံးပြုကြသည်။ စိုက်ပျိုးနိုင်သည့်ဧက(၃၇.၅)ဧကရှိသည်။ စပါးကို အဓိက စိုက်ပျိုးပြီး မြေပဲ၊ပြောင်းအနည်းငယ်နှင့် ဟင်းသီးဟင်းရွက်တို့ကို အိမ်စားရန်အတွက် အဓိက ထားစိုက်ပျိုး ကြသည်။စပါးကို ရောင်းချခြင်းအနည်းငယ်သာရှိပြီး ဝမ်းစာအတွက်သိုလှောင် ထားကြသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၃၀)စုနှင့် ကျား(၆၈)၊ မ(၈၂)ဦးရှိပြီး လူဦးရေပေါင်း(၁၅၀)ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၅.၃)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထာင်ပျမ်းမျှနှုန်း(၅)ဦးထက် ပိုများသည်။ ကျေးရွာတွင် လားဟူလူမျိုးများအများဆုံး နေထိုင်ကြပြီး အာခါလူမျိုးများလည်းရှိသည်။ အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေစုစုပေါင်း၏(၅၁%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသ စီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိအမျိုးသမီး ဦးရေသည် အမျိုးသားဦးရေထက် နည်းသည်။ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင် ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်း

ခဲ့ပါသည်။ကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၄။ စီးပွားရေးဆိုင်ရာ အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် မြေယာမဲ့တောင်သူအိမ်ထောင်စုများမှာ စုစုပေါင်းအိမ်ထောင်စု၏ (၄၀.၄၇%)ရှိပါသည်။ ၁၂.၅ဧကအထက် ပိုင်ဆိုင်သည့် တောင်သူကြီးများနှင့် ၅ဧကမှ ၁၂.၅ဧက ကြားပိုင်ဆိုင်သည့် တောင်သူလတ်များမရှိပါ။တောင်သူငယ်(၄.၇၆%)နှင့် ဆင်းရဲသား တောင်သူ (၅၄.၇%)ရှိပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် လယ်ယာစိုက်ပျိုးရေးနှင့် အခြား လုပ်ငန်းများတွင် နေ့စားကျပန်း အဖြစ်လုပ်ကိုင်ကြသည်။

ကျေးရွာတွင် စပါးကို အဓိကထားစိုက်ပျိုးကြပြီး ပြောင်းနှင့် မြေပဲအနည်းငယ်ကို အိမ်စားရန်အတွက် ရာသီအလိုက် စိုက်ပျိုးကြသည်။စပါးစိုက်ဧက(၂၈)ဧကရှိပါသည်။ သီးထပ်နှင့် နွေစပါး စိုက်ပျိုးခြင်း မရှိပါ။ စပါးပျှမ်းမျှအထွက်နှုန်းမှာ တစ်ဧကလျှင် ပျမ်းမျှအိတ်(၂၅)အိတ် ခန့်ထွက် ရှိသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုနှင့် ချေးငွေများရရှိပါသည်။ စိုက်ပျိုးရေး ကုမ္ပဏီများ မရှိသည့်အတွက် ဝန်ဆောင်မှုများ မရရှိနိုင်ပါ။တောင်သူများသည် လယ်ယာများတွင် အလုပ်သမား ဌာရမ်းလုပ်ကိုင်ခြင်း အနည်းငယ်သာရှိပြီး ကိုယ်တိုင်လုပ်ကိုင်ကြသည်။ ထို့ကြောင့် အလုပ်သမားငှားရမ်း မရမှုများမရှိပါ။ စပါးစိုက်ခင်းများတွင် ရံဖန်ရံခါတွင် ခရုဖျက်ပိုးများ ကျရောက်တတ်ပြီး နည်းပညာ အားနည်းသဖြင့် စနစ်တကျသုံးစွဲမှု အားနည်းသဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နှင်း ရေးနည်းစနစ်နှင့် စိုက်ပျိုးရေးနှင့် ပတ်သတ်သည့် နည်းပညာပေး သင်တန်းများ၊ဟောပြောပွဲများ ပြုလုပ်ခြင်း၊ဈေးကွက်ဆိုင်ရာ အသိပညာ တိုးတက်လာစေရန် ပြုလုပ်ပေးခြင်း၊ ဈေးကွက် ချိတ်ဆက်မှုများ လုပ်ဆောင်ပေးခြင်းစသည်တို့ လိုအပ်နေပါသည်။

ဖားငင်(၄)ကျေးရွာတွင် သဘာဝရေမြေရာသီဥတုမှာ သင့်တင့်မျှတသဖြင့် သီးနှံစိုက်ပျိုးရေးအတွက် အဆင်ပြေခြင်း၊မိုးရေဖြင့် အဓိကစိုက်ပျိုးကြပြီး ချောင်းရေယူ၍လည်း စိုက်ပျိုးလုပ်ကိုင်ကြသည်။ ကျေးရွာရှိလယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်း ထွန်စက်(၁၂)စီး၊ နှင့် စပါးကြိတ်စက်(၈)စီးရှိပြီး လယ်ယာလုပ်ကိုင်သူများသည် ကိုယ်ပိုင် စက်ကရိယာများဖြင့် ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းကြသလို ဌားရမ်း၍လည်း လုပ်ကိုင်

ကြပါသည်။သီးနှံမျိုးစေ့များနှင့် စိုက်ပျိုးရေးဆိုင်ရာ မြေဩဇာများကို ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေး ထွက်ကုန်များကိုလည်း ကုန်သည်၊ပွဲစားများနှင့် ရွာတွင်လာရောက်ဝယ်ယူခြင်းများရှိပါသည်။ စိုက်ပျိုးရေးချေးငွေများကိုလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ(၇)ဖြင့် ချေးယူနိုင် သော်လည်း မြို့နှင့်အလှမ်းဝေးသဖြင့် ချိတ်ဆက်နိုင်မှုအားနည်းသည်။

ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် အဓိကပြဿနာမှာ ပိုးမွှားရောဂါကျရောက်မှု အများဆုံးဖြစ်ပေါ်ပါသည်။ မြို့ပေါ်သို့သွားသည့်လမ်းကြောင်းပေါ်တွင် တည်ရှိသော်လည်း သီးနှံ မျိုးစေ့ ရရှိနိုင်မှု၊သဘာဝမြေဆွေး/အော်ဂဲနစ်သွင်းအားစုများ၊ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ နှင့် အခြား ဓာတုဗေဒသွင်းအားစုများ အလွယ်တကူမရရှိနိုင်ပေ။သီးနှံထွက်ကုန်များကို ဈေးနှုန်းမှန်ကန် စွာဖြင့် အလွယ်တကူရောင်းချနိုင်မှုနည်းပါးသည်။ မျိုးကောင်းမျိုးသန့်များ ရရှိနိုင်သည့် နေရာ များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန်နှင့် စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချ ပေးရန် လိုအပ်လျက်ရှိပါသည်။

## (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၁၈)အိမ်ရှိပြီး နွားကောင်ရေ (၁၃၄)ကောင်၊ ဝက်မွေးသူအိမ်ထောင်စု(၃၀)စုမှ (၈၂)ကောင်၊ကြက်မွေးသည့် အိမ်ထောင်စု(၄၂)စု (၄၅၀)ကောင်၊ ကျွဲမွေးသည့်အိမ်ထောင်စု(၂၀)စု (၆၀)ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူသည့် အိမ်ထောင်စုမှာ အနည်းငယ်ဖြစ်ပြီး စီးပွားဖြစ်မွေးမြူသည့် အိမ်ထောင်စုမှာ အများဆုံး ဖြစ်သည်။

ကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် အခွင့်အလမ်းများမှာ ရေအလုံ အလောက်နှင့် စားကျက်မြေ ရရှိနိုင်ပါသည်။ မွေးမြူရေးနည်းပညာဝန်ဆောင်မှုကို ကျိုင်းတုံမြို့နယ် မွေးကုဦးစီးဌာနမှ ရရှိသော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံ ဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်း ပိုင်းဆိုင်ရာတွင် အဟန့် အတားများ အနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင် တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူမရရှိ နိုင်ကြပါ။ထုတ်ကုန်ရောင်းဝယ်မှုများတွင်လည်း ဈေးကွက် မမီခြင်း များရှိသည့်အတွက် နည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်လျက်ရှိပါသည်။

## (ဂ) စိုက်ပျိုးရေး မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများ မရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စားအလုပ်များနှင့် ဈေးရောင်းခြင်းအနည်းငယ်သာရှိသည်။ အခြားလုပ်ငန်းများမှ ရာသီအလိုက် ဝင်ငွေရရှိမှုမှာ အနည်းငယ်မှ အတော်အသင့်အနေအထားတွင် ရှိသည်။ လက်လုပ် လက်စား အလုပ်များမှာ စိုက်ပျိုးရေးရာသီများတွင်သာ အလုပ်အကိုင်များပြားပြီး ကျန်အချိန်များ တွင် ကျပန်းလုပ်ကိုင်ကြပြီး အလုပ်အကိုင်ရှားပါးမှုနှင့် ဝင်ငွေရရှိမှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားသော်လည်း တစ်ဖက်နိုင်ငံသို့သာ သွားရောက် အလုပ်လုပ်ကိုင်ကြသည်။ ကျိုင်းတုံမြို့တွင် သက်မွေးဝမ်းကျောင်းသင်တန်းများကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ မော်တော်ဆိုင်ကယ်၊ဝပ်ရှော့ စသည့်လုပ်ငန်းများသည် အသက်မွေး ဝမ်းကျောင်း သင်တန်းများဖြစ်သော်လည်း ရွာသားအများအနေဖြင့် အဆို ပါသင်တန်းများနှင့် အထိ အတွေ့ နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဖားငင်(၄)ကျေးရွာတွင် စိုက်ပျိုးရေးဘဏ်မှ ချေးငွေဝန်ဆောင်မှုများမရရှိပါ။ တစ်ချို့ တောင်သူများမှာ ပုံစံ(၇)ရရန် အခက်အခဲများ ရှိသည့်အတွက် ချေးငွေရယူခြင်းမရှိသည်များနှင့် မြို့နှင့်အလှမ်းကွာဝေးသောကြောင့်လည်း ဖြစ်ပါသည်။သမဝါယမချေးငွေသည်လည်း အသင်းဝင် ထား သည့် သူများကိုသာ ထုတ်ချေးပေးပါသည်။တခြား ဘဏ်နှင့်ဝန်ဆောင်မှုများ မရှိပါ။

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူ ကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ လယ်သမား များသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေ လိုအပ်လျက်ရှိပါသည်။ ကျေးရွာရှိ ဆင်းရဲသောအိမ်ထောင်စုများသည် မိတ်ဆွေ၊ မိသားစုများထံမှ နားလည်မှုဖြင့် ချေးယူကြပြီး တစ်ချို့မှာ သူတစ်ပါးဆီမှ ချေးယူခြင်းမရှိဘဲ နေထိုင်စားသောက် ကြသည်။ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထားခြင်းမရှိပါ။

## ၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ဆိုင်ကယ်ကို ကျောင်းသား/သူများ သွားလာရေး အတွက်အသုံးပြုပြီး ကျိုင်းတုံမြို့သို့ မော်တော်ကား၊ဆိုင်ကယ်တို့ဖြင့် သွားလာကြသည်။ လမ်းပန်း ဆက်သွယ်ရေး အတွက် မော်တော်ဆိုင်ကယ် (၁၉)စီးကိုသာ အသုံးပြုလျက်ရှိသည်။

ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်ပြီး ပျက်စီးနေပြီး သွားလာရခက်ခဲခြင်း၊ လမ်းပျက်စီး ခြင်းများ ဖြစ်ပေါ်နေပါသည်။ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်သည့်အတွက် ကွန်ကရစ် လမ်း အဖြစ်သို့ အဆင့်မြှင့်တင်လိုကြပါသည်။ကျေးရွာချင်းဆက်လမ်းများသည်လည်း မြေသားလမ်း များ ဖြစ်သည့်အတွက် လမ်းပျက်စီးမှုများ ဖြစ်နေပါသည်။လမ်းမကောင်း သော်လည်း တစ်နှစ်ပတ် လုံး အသုံးပြုလျက်ရှိသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိသော်လည်း အရွယ်အစား (၃၅)ပေ ကျယ်သော သစ်သားတံတားကို ၂၀၁၄ခုနှစ်ကတည်ဆောက်ထားပြီး ပေ(၁၀၀)ခန့်ရှိသော ကွန်ကရစ် တံတားကို ၂၀၁၅ခုနှစ်ကတည်းက တည်ဆောက်ထားသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးမရရှိဘဲ ဆိုလာအသုံးပြုသည့်အိမ်(၁၀)အိမ်သာ ရှိပြီး ကျန်အိမ် များမှာ ဖယောင်းတိုင်ကိုသာ အသုံးလျက်ရှိသည်။ ကျောင်းသား/သူများ၏ ပညာရေးတိုးတက် လာ စေမှုနှင့် အသေးစား စီးပွားရေးလုပ်ငန်းများ တိုးတက်လာစေမှုတို့အတွက် အထောက်အပံ့ဖြစ်စေရန် လျှပ်စစ်မီး ရရှိရန်လိုအပ်လျက်ရှိပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မိုးဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားဝန်ဆောင်မှု လုပ်ငန်းများ အတွင် အသင့်အတင့်သာ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမရှိသလို ကျေးရွာတွင် စာကြည့်တိုက်လည်း မရှိပါ။ သတင်းစာ၊ ဂျာနယ်တို့ကိုဝယ်ယူဖတ်ရှုသူ လွန်စွာ နည်းပါးပြီး တစ်ရွာလုံးအတိုင်းအတာဖြင့်တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ ကောင်းမွန် ကြောင်း တွေ့ရှိ ရပါသည်။ မြို့နယ်ဌာနများသို့ ဆက်သွယ်ရာတွင် အဓိကအားဖြင့် ကျေးရွာသူကြီး၊ ကျေးရွာ စာရေး တို့မှတဆင့်သာ ဆက်သွယ်ကြပါသည်။ဆက်သွယ်ရေးအတွက် MPT,CDMA,

Ooredoo,Telenor ဖုန်းလိုင်းများကို အသုံးပြုကြ သည်။ကျေးရွာတွင် ဖုန်း(၁၃)လုံး၊ တီဗီ (၃)လုံး၊စလောင်း(၁)လုံးရှိသည်။

### ၆။ ပညာရေး

ကျေးရွာတွင် စာမတတ်သူဦးရေများပြားပြီး ဘွဲ့ရဦးရေလည်း မရှိပါ။ မူလတန်း ပညာပြီးမြောက်မှုမှာ စုစုပေါင်းလူဦးရေ၏(၁၄)ဦး၊အလယ်တန်းပညာပြီးမြောက်မှုမှာ (၈)ဦးနှင့် အထက်တန်း ပညာပြီးမြောက်မှု မရှိပါ။

ကျေးရွာတွင် စာသင်ကျောင်းမရှိပါ။မူလတန်းကျောင်းကို ရွာနှင့် (၂)ဖာလုံခန့်ဝေးသော ကျေးရွာကျောင်းတွင် တက်ရောက်သင်ယူနိုင်ပြီး အထက်တန်းပညာရေးကို ကျိုင်းတုံမြို့ရှိ အ.ထ.က ကျောင်းများတွင် တက်ရောက်သင်ကြားနိုင်ကြသည်။ စာသင်ကျောင်းကို သွပ်မိုး၊ပျဉ်ကာ၊ ပျဉ်ခင်း ကျောင်းဆောင်တွင် တက်ရောက်သင်ကြားနိုင်သည်။ စာသင်ကျောင်းတွင် ကျောင်းသုံး ပရိဘောဂနှင့် ယင်လုံအိမ်သာ လုံလောက်မှု ရှိသည်။ မူလတန်းအောင် ရာခိုင်နှုန်းမှာ အသင့်အတင့်ရှိသည်။

### ၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ဖားငင်(၄)ကျေးရွာသည် အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာနှင့် (၂)ဖာလုံ ကွာဝေး သော ကျေးရွာအုပ်စု ကျေးလက် ဆေးပေးခန်းသို့သွားရောက်ရပြီး ကျိုင်းတုံပြည်သူ့ဆေးရုံသို့လဲ တက်ရောက် ကုသကြသည်။ကျန်းမာရေးနှင့် ပတ်သတ်၍ ရာသီအလိုက် ကာကွယ်ဆေးထိုးခြင်း၊ အသိပညာပေးခြင်း ဟောပြောပွဲများလည်း ပြုလုပ်လျက်ရှိပါသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် စိမ့်စမ်းရေကို သွယ်တန်း အသုံးပြုလျက်ရှိသော်လည်း နွေရာသီအချိန်တွင် လုံလောက်မှုမရှိပါ။ ချောင်းရေကို အသုံးပြုသည့် အိမ်ထောင်စုများလည်း အနည်းငယ်ရှိပါသည်။ သောက်သုံးရေများကို သန့်ရှင်းစွာ အသုံးပြုနိုင်ရန်အတွက် ရေအရည်အသွေးကို စမ်းသပ်စစ်ဆေးရန် လိုအပ်လျက်ရှိပါသည်။

အိမ်ထောင်စုအားလုံးယင်လုံအိမ်သာသုံးစွဲမှုမရှိကြဘဲ တောထိုင်စနစ်ကိုသာ အသုံးပြုလျက်ရှိသောကြောင့် ရေကြောင့်ဆက်စပ် ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ ရှိပါသည်။ စာသင်ကျောင်း တွင် ယင်လုံအိမ်သာ စနစ်တကျဆောက်လုပ်ထားသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် တစ်ခါတစ်ရံအအေးလွန်ကဲခြင်းမှလွဲ၍ တခြားသဘာဝဘေးအန္တရာယ်များ ကျရောက်လေ့မရှိသဖြင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။

ဖာငင်(၄)ကျေးရွာတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်သည်။အမှိုက်ကျင်းအဖြစ် သီးသန့်ထားရှိခြင်းမရှိကြသောကြောင့် အမှိုက်များ စနစ်တကျစွန့်ပစ်ရန်အတွက် နည်းလမ်းပြမှုများ၊ပညာပေးဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်လျက် ရှိပါသည်။

## ၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာ ဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာတိုင်းရင်းသားယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း စဉ်လာများ၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြား ဆက်ဆံခြင်းကိစ္စများမတွေ့ပါ။

ကျေးရွာ၏လူဦးရေဆိုင်ရာ အချက်အလက်များအရ အမျိုးသမီးအရေအတွက်သည် အမျိုးသား လူဦးရေထက် လျော့နည်းကြောင်းတွေ့ရသည်။ ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘူယျ အားဖြင့် ပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မအရေ အတွက်မှာ ကျားအရေအတွက်ထက် နည်းနေပါသည်။ အမျိုးသမီးများအတွက် ပညာသင်ယူ ရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင် ဖြစ်သည်။သို့သော်လည်း ကျေးရွာတွင် နေ့တွက် လုပ်အားခ ငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုမှာအလွန်အားနည်းသည်။ ကျား-မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ အသိပညာ ပေးခြင်းများ မြှင့်တင်ဆောင်ရွက် ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှုတို့အတွက် ပိုမို အထောက် အပံ့ဖြစ်လာနိုင်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | - | - | - | - |
| ၁ နှစ်မှ ၅နှစ် | ၅နှစ်အောက်ကလေးငယ် | ၄ | ၇ | ၁၁ | ၇.၃ |
| ၅ နှစ်မှ ၉နှစ် | မူလတန်းကျောင်းသားအရွယ် | ၅ | ၁၀ | ၁၅ | ၁၀ |
| ၁၀ နှစ်မှ ၁၄နှစ် | အလယ်တန်းကျောင်းသား အရွယ် | ၇ | ၉ | ၁၆ | ၁၀.၆ |
| ၁၅ နှစ်မှ ၆၀ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၆ | ၄၉ | ၉၅ | ၆၃.၃ |
| ၆၀ နှစ် နှင့်အထက် | သက်ကြီးရွယ်ကြီး | ၆ | ၇ | ၁၃ | ၈.၆ |
| **စုစုပေါင်း လူဦးရေ - ၁၅၀** | | **၆၈** | **၈၂** | **၁၅၀** | **၉၉.၈%** |
| **စုစုပေါင်း အိမ်ထောင်စု - ၃၀** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၅%** | | | |

**ရင်းမြစ်။ ။(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လားဟူလူမျိုးများ အများဆုံးနေထိုင်ကြသည်။**

**(၁.၂) လုပ်သားအင်အား**

**(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | တွဲဖက် | မှတ်ချက် |
|---|---|---|---|---|

| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | လုပ်ကိုင်လူဦးရေ | |
|---|---|---|---|---|---|---|
| ၁ | ***စိုက်ပျိုးရေး (သီးနှံထုတ်လုပ်ရေး)*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၂၅ | ၈၃.၃% | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်အလုပ်သမား | ၅ | ၁၆.၆% | | | |
| ၂ | ***တိရစ္ဆာန်မွေးမြူရေး*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၃၀ | ၁၀၀% | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | | |
| | • မိသားစုဝင်လုပ်အား | ၀ | ၀ | ၀ | | |
| ၃ | ***ငါးဖမ်းလုပ်ငန်း*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၄ | ***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၃ | |
| | • လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | ၀ | |
| ၅ | ***ထုတ်ကုန်လုပ်ငန်း*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၆ | ***လျှပ်စစ်၊ သဘာဝဓါတ်ငွေ့ နှင့် ရေဖြန့်ဝေရေးလုပ်ငန်း*** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် လူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၁ | |
| ၇ | ***ဆောက်လုပ်ရေးလုပ်ငန်း*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၈ | ***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြုပြင်ဆင်ရေး*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၉ | ***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၁၀ | ***လက်လီ-လက်ကား ရောင်းဝယ်ရေး*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၁ | ၀ | ၃ | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၁၁ | ***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း*** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် လူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၁၂ | ***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၃ | ***ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၁၄ | ***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၁ | |
| ၁၆ | ***ပညာရေး*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် လူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၂.၃% | ၁ | | |
| ၁၇ | ***ကျန်းမာရေး*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | **၀** | **၀** | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၈ | ***လူမှုရေး လုပ်ငန်းများ*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၁၉ | ***အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၂၀ | ***ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| | **စုစုပေါင်း** | | | | | |

**ရင်းမြစ်။ ။ (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကျန်အိမ်ထောင်စုများမှာ တစ်ဖက်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် အိမ်ထောင်စုများ ဖြစ်သည်။**

## (၁.၂.၂) လုပ်ငန်းနှင့် ကျား၊မအလိုက်အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | |
| ၃ | ငါးလုပ်ငန်း- ရေချို/ငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | - | - | - | - | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | - | - | - | - | - | |

**ရင်းမြစ်။ ။ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက် ။ ။** ..........................................................................

**(၁.၃) သဘာဝ ရင်းမြစ်များ**

**(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့) | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့် နေရာ/ ရေးပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၂၈.၅ | သင့် | မရ | ၂၈.၅ |
| ယာမြေ/ တောင်ယာ | ၄ | - | - | - |
| ဥယျာဉ်ခြံမြေ | - | - | - | - |
| အိမ်ခြံဝင်း စိုက်ခင်း | ၁ | - | - | - |
| နှစ်ရှည်သီးနှံ စိုက်ခင်း | ၃.၅ | - | - | - |
| ရွှေ့ပြောင်းတောင်ယာမြေ | - | - | - | - |
| ကိုင်း/ ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| အခြား | - | - | - | - |
| စုစုပေါင်း | ၃၇.၅ | - | - | - |

**ရင်းမြစ်။ ။ (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်းအုပ်စုဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**(၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ**

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု<br>(များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု<br>(လွယ်/ခက်/လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ခာတ်ငွေ့/ရေနံ) | မရှိ | - |
| အခြား ရင်းမြစ်များ | - | - |
| အခြားသဘာဝ ရင်းမြစ် | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | - |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နည်း | - |

ရင်းမြစ်။ ။ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

## (၁.၄) ဥစ္စာဓနအဆင့်အနေအထား

ဇယား (၆) ဥ စ္စာဓနအဆင့်အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၂ | ၁-၁.၅ | .၅ | - |
| အိမ်အခြေအနေ | သွပ်မိုး၊အုတ်ကာ၊ အင်္ဂတေခင်း | သွပ်မိုး၊ပျဉ်ကာ၊ ပျဉ်ခင်း | သွပ်မိုး၊ပျဉ်ကာ၊ ပျဉ်ခင်း | သွပ်မိုး၊ပျဉ်ကာ၊ ပျဉ်ခင်း |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လက်တွန်းထွန်စက် ၊စပါးကြိတ်စက် | လက်တွန်းထွန်စက် ၊စပါးကြိတ်စက် | - | - |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ဆိုင်ကယ် | ဆိုင်ကယ် | ဆိုင်ကယ် | ဆိုင်ကယ် |
| အဓိကစီးပွားရေး လုပ်ငန်း၊ တနှစ်ဝင်ငွေ | လယ်၊ဈေးဆိုင် | လယ် | လယ် | လယ် |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| အခြားပိုင်ဆိုင်မှု | - | | | |
| စုစုပေါင်း ၃၀ | ၄( ၉.၅%) | ၆( ၁၄.၂ %) | ၈( ၁၉%) | ၂၄( ၅၇%) |

ရင်းမြစ်။ ။ ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာစနေ အဆင့် –၃–နှင့် –၄– အိမ်ထောင်စုပေါင်း၏၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၉ | - | - |
| ၃ လမှ ၆ လ | ၁၀ | - | - |
| ၆ လမှ ၁၂ လ | ၂၀ | - | - |

ရင်းမြစ်။ ။ ဥစ္စာစနေအဆင့် –၃– နှင့် –၄– အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်း ကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။.............................................................................................

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစု စောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှု မရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |

| | အိမ်ထောင်စုအရေအတွက် |
|---|---|
| ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု | ၃ |
| ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသားမုဆိုးဖိုဦးဆောင်သော အိမ်ထောင်စု | ၄ |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | - |

ရင်းမြစ်။ ။ ဦးတည်းအုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ........................................................................

(၁.၅.၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | နိမ့် | |
| ၃ | ရေကြီးခြင်း | နိမ့် | |
| ၄ | မိုးခေါင်ခြင်း | နိမ့် | |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | |
| ၆ | မုန်တိုင်း | နိမ့် | |
| ၇ | လျှော | - | ဖြစ်ပွါးမှုအလွန်နည်းပါးသည်။ |
| ၈ | မီးဘေး | - | ဖြစ်ပွါးမှုအလွန်နည်းပါးသည်။ |
| ၉ | ဆားငံရေဝင်မြေ | - | - |

| | | | |
|---|---|---|---|
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | လတ် | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | လတ် | |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | |
| ၁၃ | တီဘီရောဂါ | နိမ့် | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | လတ် | |
| ၁၅ | ပြည်းတွင်းပဋိပက္ခ | နိမ့် | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် | |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည် | မြင့် | |
| ၁၉ | အခြား | - | - |

ရင်းမြစ်။ ။ဦးတည်းအုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သစ်ပင်များခုတ်ပစ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာပြီး မြေဆီလွှာနှင့် သစ်တောပြုန်းတီးလာပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသ | လတ် | |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | ညံ့အိမ်ထောင်စု | | |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူများ | နိမ့် | |
| ၅ | မြစ်ကမ်းဘေးနေလူထုများ | နိမ့် | |
| ၆ | မတော်မဆမှု ဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | - |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP) | – | မရှိ။ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | – | မရှိ။ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | နိမ့် | |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ | နိမ့် | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
| --- | --- | --- | --- |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | |
| ၁၅ | ဆေးစွဲသူများ | နိမ့် | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | နိမ့် | |
| ၁၇ | လှည့်လည်သွားလာ၍စျေးရောင်းသူများ | နိမ့် | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | |
| ၂၀ | ကားသမား | နိမ့် | |
| ၂၁ | အခြား | | |

ရင်းမြစ်။ ။ဦးတည်းအုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

**(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ**

**(၂.၁.၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
| --- | --- | --- | --- | --- | --- | --- | --- | --- |
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့ | ၃ | ၁၀ | ၁၀ | ၂၀ | သာရေး/နာရေး | ၄ | ၆ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၂ | - | - | - | - | - | - | - | - |
| ၃ | - | - | - | - | - | - | - | - |
| ၄ | - | - | - | - | - | - | - | - |

**ရင်းမြစ်။ ။ ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။** ................................................................................

### ၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | - | - | - |
| ၂ | - | - | - |
| ၃ | - | - | - |

**ရည်ညွှန်း။ ။ ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။** ...............................................................................

### (၂.၂) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (၂.၂.၁)သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|

| စဉ် | မြေပိုင်ဆိုင်မှု<br>အရွယ်အစား | အိမ်ထောင်စု<br>အရေအတွက် | အိမ်ထောင်စု<br>% | ဖွံ့ဖြိုးရေးအမြင်<br>သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | | | - |
| ၂ | ၂.၅ကေအောက်(၁ ဟတ် တာထိ) | ၂၃ | ၇၆.၆ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ) | ၇ | ၂၃.၃ | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား<br>( ၅ဟတ်တာထိ) | | | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ကေအထက်<br>(၅ဟတ်တာနှင့် အထက်) | | | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု<br>စုစုပေါင်း | ၃၀ | ၁၀၀% | |

ရင်းမြစ်။ ။ အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

